မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း
MYANMAR PULSES, BEANS, MAIZE & SESAME SEEDS
MERCHANTS ASSOCIATION
SHWE ZABU RIVER VIEW COMPLEX, 23G-1, NO. 3B, TOWER (C), ROOM NO. (C-402),
5TH FLOOR, STRAND ROAD, YANGON. MYANMAR.
TEL :95-1-2301787, 2301722 EMAIL : office@mpbmsma.org

စာအမှတ်။ ။ ၁/မပန (စီမံ)/၂၀၂၆ (၀၅၄၈)။

ရက်စွဲ။ ။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၂)ရက်။

သို့

အသင်းဝင်ပို့ကုန်ကုမ္ပဏီများအားလုံး

အကြောင်းအရာ ။ **သဘာဝဘေးအန္တရာယ်ကြောင့် လယ်ယာထွက်ကုန်သီးနှံများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး ကြိုတင်ဆောင်ရွက်ရန် ကိစ္စ။**

ရည်ညွှန်းချက် ။ စားသုံးသူရေးရာဦးစီးဌာန၏ ၂၂-၇-၂၀၂၆ ရက်စွဲပါစာအမှတ်၊ စဉ-ညွှန်ချုပ်ရုံး/၀၂/၂၀၂၆ (၁၄၃) အရ။

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအောက်ပိုင်းဒေသ (ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ မွန်၊ ကရင်) ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသ သတင်းထုတ်ပြန်ချက်များအရ သိရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်း၍ ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်ပါက တိုင်းဒေသကြီး/ပြည်နယ်များရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် လယ်ယာထွက်ကုန် သိုလှောင်ရုံများတွင် သိုလှောင်ထားသော ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း အပါအဝင် သီးနှံများပျက်စီးဆုံးရှုံးမှု မရှိစေရေးနှင့် သဘောဝဘေး အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာဒေသအာဏာပိုင်များထံ တင်ပြ၍ ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက်စီမံဆောင်ရွက်သွားရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် လယ်ယာထွက်ကုန် သိုလှောင်ရုံများတွင် သိုလှောင်ထားရှိသည့် ဆန်၊ ပဲ၊ ပြောင်း၊ နှမ်းအပါအဝင် သီးနှံများ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု မရှိစေရေးနှင့် သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း ကြိုတင်စီစဉ်ဆောင်ရွက်သင့်ကြောင်း အသိပေးကြညာအပ်ပါသည်။

(က) မိုးလေဝသသတင်းများကို ပုံမှန်နားဆင်ပြီး သိုလှောင်ရုံအနီးရှိ ရေမြောင်းများ၊ ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရန်အတွက် ကြိုတင်ရှင်းလင်းထားရန်၊ သဲအိတ်များကာရံထားရန်၊

(ခ) သိုလှောင်ရုံများရှိ သီးနှံများ ဘေးအန္တရာယ်ကင်းရှင်းစေရန် စစ်ဆေးခြင်း၊ ရေဝင်ရေလျှံမှု ကာကွယ်ရေး အဆောက်အအုံများ ကြိုတင်ပြင်ဆင်ခြင်းနှင့် လိုအပ်ပါက သီးနှံများကို ဘေးကင်းလုံခြုံသော အမြင့်ပိုင်းနေရာများသို့ ရွှေ့ပြောင်းသိမ်းဆည်းခြင်းတို့ ဆောင်ရွက်ရန်၊

(ဂ) ရေဘေးအန္တရာယ်ကျရောက်ပါက သက်ဆိုင်ရာ အာဏာပိုင်များ၏ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်

**မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း**